# ယုံကြည်ခံယူချက် ဆောင်းပါး

### ယေရှုခရစ်တော်၏နောက်ပိုင်းကာလသန့်ရှင်းသူများအသင်းတော်၏

ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်၊ သူ၏သားတော် ယေရှုခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့ကို ယုံကြည်ကြပါသည်။

2 ကျွန်ုပ်တို့သည် လူတို့အား အာဒံ၏အပြစ်ကြောင်းမဟုတ်ပဲ မိမိတို့၏အပြစ်ကြောင့် စီရင်ခြင်းခံရမည်ဟု ယုံကြည်ပါသည်။

3 ကျွန်ုပ်တို့သည်ခရစ်တော်၏အသေခံခြင်းကြောင့်ဧဝံဂေလိသတင်းကောင်း၏ပညတ်တရားများနှင့် ဥပဒေသများကိုနာခံလျှင် လူသားများအားလုံးကယ်တင်ခြင်းရနိုင်သည်ဟု ယုံကြည်ကြပါသည်။

4 ကျွန်ုပ်တို့သည် ဧဝံဂေလိသတင်းကောင်း၏ ပထမဦးဆုံးအခြေခံတရားများနှင့် ဘိသိတ်မင်္ဂလာတရားများဖြစ်သော ပထမအားဖြင့် ယေရှုခရစ်တော်၌ယုံကြည်ခြင်း၊ ဒုတိယအားဖြင့် နောင်တရခြင်း၊ တတိယအားဖြင့် အပြစ်ဖြေလွှတ်စေရန် ရေ၌နှစ်မြှုပ်ခြင်းဖြင့် နှစ်ခြင်းမင်္ဂလာခံယူခြင်း၊ စတုတ္ထအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော် ဆုကျေးဇူးကိုရရှိရန် လက်တင်၍ ဆုတောင်းပေးခြင်းတို့အား လေးမြတ်စွာယုံကြည်ပါသည်။

5 ကျွန်ုပ်တို့သည်လူတစ်ဦးအားဧဝံဂေလိသတင်းကောင်းဟောကြားခြင်းနှင့်ဘိသိတ်မင်္ဂလာတရားကိုစီမံဆောင်ရွက်နိုင်ရန် ပုရောဖက်ပြုခြင်းအခွင့်အာဏာရှိသောသူတို့၏ လက်တင်ဆုတောင်းပေးခြင်းဖြင့် ဘုရားသခင်၏ ခေါ်ဖိတ်ခြင်းကိုခံရမည်ဟု ယုံကြည်ပါသည်။

6 ကျွန်ုပ်တို့သည် ရှေးယခင်အသင်းတော်၌ပေါ်ထွန်းခဲ့သော၊ တမန်တော်များ၊ ပုရောဖက်များ၊ တရားဟောဆရာများ၊ ဓမ္မဆရာများ ဧဝံဂေလိအမှုတော်ဆောင်များ အစရှိသည့် အလားတူ ဖွဲ့စည်းခြင်းကိုယုံကြည်ပါသည်။

7 ကျွန်ုပ်တို့သည်အမျိုးမျိုးသောဘာသာစကားပြောခြင်း၊ ဗျာဒိတ်ပေးခြင်း၊ ရူပါရုံရခြင်း၊ အနာရောဂါ ငြိမ်းစေခြင်း၊ အမျိုးမျိုးသောဘာသာစကားတို့ကို အနက်ဖွင့်ခြင်းစသည့် ဆုကျေးဇူးများကိုယုံကြည်ပါသည်။

8 ကျွန်ုပ်တို့သည် သမ္မာကျမ်းအား ဘုရားသခင်၏နှုတ်ကပတ်တော်များကို မှန်ကန်စွာဘာသာ ပြန်ဆိုထားခြင်းဟု လေးနက်စွာယုံကြည်သကဲ့သို့ မော်မွန်ကျမ်းစာအားလည်း ဘုရားသခင်၏နှုတ်ကပတ်တော် ဖြစ်သည်ဟု လေးနက်စွာ ယုံကြည်ပါသည်။

9 ကျွန်ုပ်တို့သည် ဘုရားသခင်ဖော်ပြတော်မူခဲ့သမျှသော အရာအားလုံးကိုလည်းကောင်း၊ ယခုမျက်မှောက်၌ ပြုတော်မူသမျှတို့ကိုလည်းကောင်းယုံကြည်ပြီး၊ ဘုရားသခင်၏နိုင်ငံတော်နှင့်စပ်ဆိုင်သည့်အရေကြီး သောအကြောင်းအရာ များစွာတို့ကို ထာဝရဘုရားသည် ဆက်လက်၍ ဗျာဒိတ်ပေးလိမ့်မည်ဟု ယုံကြည်ပါသည်။

10 ကျွန်ုပ်တို့ယုံကြည်သည်မှာ ဣသရေလလူမျိုးများသည် ဧကန်အမှန်စုဝေးပြီး လူမျိုးနွယ်ဆယ်စုကို ပြန်လည်ဖွဲ့စည်း ထူထောင်မည့်အကြောင်း၊ ဇိအုန်(ယေရုစလင်မြို့သစ်) ကိုအမေရိကတိုက်၌ တည်ထောင်မည့်အကြောင်း၊ ခရစ်တော် ကိုယ်တော်တိုင် ကမ္ဘာမြေကြီးပေါ်သို့လာရောက်အုပ်စိုးပြီး ကမ္ဘာမြေကြီးသည် အသစ်တဖန်ပြုပြင်ခြင်းခံရကာ ပါရဒိသုခဘုံကဲ့သို့ ဘုန်းကြက်သရေကို ရရှိမည်ဆိုသောအကြောင်းတို့ကို ယုံကြည်ပါသည်။

11 ကျွန်ုပ်တို့၏အသိစိတ်လမ်းညွှန်မှုနှင့်အညီ အနန္တဘုရားသခင်ကို ကိုးကွယ်နိုင်သည့်အခွင့်ရှိသည်ဟု ခံယူသည့်အပြင် လူသားအားလုံးတွင်လည်း ထိုအခွင့်ရှိသည်ဖြစ်၍ ထိုသူတို့သည် မည်သည့်နေရာ၊ မည်သည့်နည်းနှင့် မည်သည့်အရာကိုမဆို ကိုးကွယ်လိုပါက ကိုးကွယ်နိုင်ပါသည်။

12 ကျွန်ုပ်တို့သည် အစိုးရသောရှင်ဘုရင်များ၊ သမ္မတများ၊ အာဏာပိုင်များနှင့် တရားသူကြီးများ၏ ဩဇာကိုခံယူ၍ ၎င်းတို့အား နာခံခြင်း၊ လေးစားဂုဏ်ပြုခြင်းနှင့် တရားဥပဒေကိုလိုက်နာကျင့်သုံးခြင်းတို့ကို ယုံကြည်ပါသည်။

13 ကျွန်ုပ်တို့သည်ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ သန့်စင်ခြင်း၊ သဘောထားကောင်းမွန်ခြင်း၊ ကောင်းမြတ်စွာကျင့်ကြံခြင်း နှင့်လူသားအားလုံးတို့၏ ကောင်းကျိုးပြုခြင်းကိုယုံကြည်သည်။ တစ်နည်းဆိုရသော် ပေါလု၏ ဆုံးမစာကို ကျွန်ုပ်တို့သည်လိုက်နာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်အလုံးစုံကိုယုံကြည်သလို အလုံးစုံကို မျှော်လင့်ပြီး များစွာသော အရာတို့ပေါ်မှာ တည်ကြည်၍အရာရာ၌ တည်ကြည်နိုင်ငံမည်ဟုလည်း မျှော်လင့် ထားပါသည်။ ကောင်းမြတ်သော အရာမှန်သမျှ သို့မဟုတ် နှစ်သက်ဖွယ်ကောင်းသော သို့တည်းမဟုတ် ချီးမွမ်းဖွယ်ရာဖြစ်သော အရာတို့အတွက် ကျွန်ုပ်တို့အစဉ်ရှာဖွေကြမည်။

ဂျိုးဇက်စမစ်။

ယေရှုခရစ်တော်

ဏ်နောက်ပိုင်းကာလ သန့်ရှင်းသူများ

အသင်းတော်

© 2012 Intellectual Reserve, Inc. အားဖြင့် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိသည်၊ အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။ 1/11. 1/11.

*Articles of Faith* (poster) အားမြန်မာဘာသာသို့ပြန်ဆိုခြင်း၊ Burmese 64370 256

BURMESE

4 02643 70256 1

64370 256